HITACHI
Inspire the Next

# News Release

**FOR IMMEDIATE RELEASE**


**Contacts:**

Myanmar: Nyein Nyein Aye
Information Matrix
+95 9 43039616
nyeinnyeinaye@informationmatrix.com

Singapore: Vanessa Ng
Hitachi Asia Ltd.
+65 6231 2434
vng@has.hitachi.com.sg


## ဟီတာချီမှ 14th Hitachi Young Leaders Initiative ကို စတင်ကျင်းပပြုလုပ်ခဲ့သည်။

*ဒေသတွင်းမှ ခေါင်းဆောင်များသည် မြို့ပြဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် ရန်ကုန်မြို့တွင် စုရုံးကြသည်*

**ရန်ကုန်၊ မြန်မာ၊ ၂၀၁၇ ဇူလိုင် (၁၀)ရက်** – မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့၌ ၂၀၁၇ ဇူလိုင်လ (၁၀)ရက်မှ (၁၃)ရက်အထိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် Hitachi Young Leaders Initiative (HYLI) အစီအစဉ်ကို စတင်ဖွင့်လှစ်ကြောင်း ဟီတာချီအာရှလီမိတက်တွင် ယနေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည်။ အဆိုပါအခမ်းအနားတွင် ဒုတိယနေ့၏ အထူးဧည့်သည်တော်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တက်ရောက်ဂုဏ်ပြုမည် ဖြစ်ပါသည်။

ဒေသတွင်းရှိ ပုဂ္ဂလိက၊ အစိုးရနှင့် ပညာရေးကဏ္ဍများတွင် အောင်မြင်ထင်ရှားသော ခေါင်းဆောင်များနှင့် ချိတ်ဆက်နိုင်စေရန်နှင့် ၎င်းတို့ထံမှ သင်ယူလေ့လာနိုင်စေရန် စီစဉ်ပေးခြင်းဖြင့် HYLI သည် အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ငယ်ရွယ်တက်ကြွသော အာရှ၏ အနာဂတ်ခေါင်းဆောင် (၃၀၀)ကျော်ကို လွန်ခဲ့သော နှစ်၂၀ကျော်အတွင်း မြေတောင်မြှောက်ပေးနိုင်ခဲ့ပါသည်။ အဆိုပါအစီအစဉ်သည် မတူညီသော ယဉ်ကျေးမှုများ ရောနှောခြင်းနှင့် ပတ်သက်ပြီး အတွေ့အကြုံများ ရရှိစေကာ အာရှနိုင်ငံများအတွင်း ဆက်နွယ်မှုကို ပိုမိုခိုင်မြဲစေခဲ့ပါသည်။ ယခုနှစ်တွင် HYLI ကျောင်းသားဟောင်းများ အသိုက်အဝန်းတွင် အဖွဲ့ဝင် (၃၂)ဦး ပိုမိုပါဝင်လာတော့မည် ဖြစ်ပြီး ၎င်းတို့ကို ဒေသတွင်းရှိ ဖိတ်ကြားခံရသော တက္ကသိုလ် (၅၃)ခုမှ ပါဝင်လျှောက်ထားသူ (၁၉၆)ဦးအနက်မှ ရွေးချယ်ထားခြင်းဖြစ်ပါသည်။ ပါဝင်ကြသည့် ကျောင်းသားအားလုံးသည် ၎င်းတို့၏ ပညာရေးဆိုင်ရာ ရလဒ်များ၊ ကျောင်းပညာရေးပြင်ပ လှုပ်ရှားမှုများတွင် ပါဝင်မှု၊ ခေါင်းဆောင်နိုင်မှု အရည်အသွေး၊ အင်္ဂလိပ်ဘာသာ ကောင်းမွန်စွာ တတ်ကျွမ်းမှုနှင့် လက်ရှိဒေသတွင်းကိစ္စရပ်များနှင့် ပတ်သက်သော ဗဟုသုတများအပေါ် အခြေခံသည့် အသေးစိတ် ရွေးချယ်မှုများကို ဖြတ်ကျော်ပြီး အရွေးချယ်ခံရခြင်းဖြစ်ပါသည်။

14th HYLI ၏ အဓိကခေါင်းစဉ်မှာ "Sustainable Urbanization through Collaborative Creation" ဖြစ်ပြီး အရှေ့တောင်အာရှဒေသမှ စမတ်စီးတီးများ၏ တန်ဖိုး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့် မြို့တော်များနှင့် မြို့ပြသယ်ယူပို့ဆောင်မှုထိန်းသိမ်းခြင်းတို့ကို အခြေခံသည့် အတူတကွဆွေးနွေးမှုများကို မြင်တွေ့ရမည်ဖြစ်ပါသည်။အစီအစဉ် ကျင်းပမည့် (၄) ရက်အတွင်း HYLI မှ ကျောင်းသားများနှင့် တွေ့ဆုံမည့်သူများမှာ အောင်မြင်ထင်ရှားသော ခေါင်းဆောင်များဖြစ်ကြပါသည်။ ၎င်းတို့မှာ

**- more -**

ပထမနေ့ (ဖွင့်ပွဲအခမ်းအနား):

- H.E. Tateshi Higuchi, Ambassador Extraordinary and Plenipotentiary of Japan to the Republic of the Union of Myanmar

ပထမနေ့ (ခေါင်းစဉ်ခွဲ - The Value of Smart Cities for Southeast Asia):

- Ms. Nina Yang, Chief Executive Officer, Sustainable Urban Development, Ascendas-Singbridge,
- Mr. Setiaji, Head, Jakarta Smart City Management Unit of the Communications, Information and Public Relations of the Jakarta Capital City Government

ဒုတိယနေ့ (ဖွင့်ပွဲအခမ်းအနား):

- Mr. Aik Htun, Chairman, Shwe Taung Group

ဒုတိယနေ့ (ခေါင်းစဉ်ခွဲ - Sustainable Urban Transportation):

- Dr. Agachai Sumalee, VP and Director, Smart Cities Research Center (SCRC),
- Prof. Dr. Danang Parikesit, Professor of Transportation Studies, Gadjah Mada University,
- Dr. Maung Aung, Secretary, Yangon Urban Transport Authority

ဒုတိယနေ့ (ခေါင်းစဉ်ခွဲ - Environmentally Sustainable Cities)

- Ms. Norliza Hashim, Director, Malaysia Institute of Planners, Low Carbon Cities & Sustainability Centre and Managing Director, AJM Planning and Urban Design Group Sdn Bhd (APUDG),
- Dr. Tun Lwin, Specialist in Meteorology, Climate and Weather in the Myanmar Climate Change Watch,
- Mr. Jarupong Pengglieng, Head of Vehicle Emission Control Sub-division, Air Quality and Noise Management, Department of Environment, Bangkok Metropolitan Administration

စတုတ္ထနေ့ (Student Presentation Advisors)

- H. E. U Maung Maung Soe, Mayor, Yangon City Development Committee
- Mr. Bijay Karmacharya, Country Manager, UN Habitat Myanmar
- Mr. Rupert Mann, Project Manager, Yangon Heritage Trust

ဟီတာချီအာရှလီမိတက်၏ ဥက္ကဋ္ဌ ဖြစ်သော Mr. Kojin Nakakita က " ကျွန်တော်တို့ဟာ HYLI အခမ်းအနားတိုင်းမှာ ဒေသတွင်းက ကျော်ကြားတဲ့ ခေါင်းဆောင်တွေရဲ့ ထောက်ပံ့မှုကို ရရှိနေတဲ့အတွက် အလွန်ဝမ်းသာပြီး ကျေနပ်အားရမိပါတယ်။ ဒီနှစ်အခမ်းအနားအတွက် အဓိကခေါင်းစဉ်ကတော့ ပူးပေါင်းဖန်တီးမှုတွေကတဆင့် မြို့ပြထိန်းသိမ်းမှု

အတွက် ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတာ ဆွေးနွေးဖို့ဖြစ်ပါတယ်။ အစိုးရပိုင်းဆိုင်ရာ၊ စီးပွားရေးနဲ့ ပညာရေးပိုင်းဆိုင်ရာ ကဏ္ဍတွေက ကျွန်တော်တို့နဲ့ ရည်ရွယ်ချက်တူညီတဲ့ ခေါင်းဆောင်တွေနဲ့အတူ လူ့အဖွဲ့အစည်းရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းတွေကို ယူဆောင်လာပေးနိုင်အောင် အတူတကွအလုပ်လုပ်ဖို့အတွက်လည်း စိတ်လှုပ်ရှားမိပါတယ်။ ” ဟု ပြောကြားခဲ့ပါသည်။

ရင်းနှီးမှုတိုးတက်စေရန် နှင့် လေ့လာနိုင်စေရန် အခွင့်အလမ်းများစွာ ရရှိနိုင်ရန် စီစဉ်ထားသည့် ဟောပြောပွဲနှင့် ဆွေးနွေးပွဲများအပြင် ကျောင်းသားများသည် အစီအစဉ်တတိယနေ့တွင် ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ UN Habitat ရုံးများသို့ သွားရောက်လေ့လာလည်ပတ်ကြမည် ဖြစ်ပါသည်။ ထိုသို့လေ့လာခြင်းဖြင့် ကျောင်းသားများသည် သယ်ယူပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးမှုတို့သည် ရန်ကုန်မြို့မှ ပြည်သူများ၏ ဘဝကို မည်သို့ အကျိုးသက်ရောက်မှုရှိစေသည်ကို နားလည်နိုင်ရန်အတွက် နိုင်ငံ၏ ဒေသအသီးသီးတွင် အသုံးပြုနေသည့် မြို့ပြဆိုင်ရာ ဆောင်ရွက်မှုစနစ်များကို ပါဝင်ဆောက်ရွက်နေကြသူများထံမှ ကိုယ်တိုင်ကိုယ်ကျ လေ့လာနိုင်မည့်အခွင့်အလမ်းကို ရရှိစေမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် ကျောင်းသားများသည် HYLI အစီအစဉ်အတွင်း မိမိတို့ လေ့လာခဲ့သမျှကို ပြန်လည်မျှဝေကြမည်ဖြစ်ပါသည်။ သူတို့၏ ယူဆချက်များကို စက္ကူဖြူစာတမ်းအဖြစ် ထုတ်ဝေမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာကဏ္ဍ၊ အစိုးရနှင့် ပညာရေးကဏ္ဍများတွင် သုံးသပ်နိုင်ရန်အတွက် မျှဝေသွားမည်ဖြစ်ပါသည်။

**Hitachi Young Leaders Initiative (HYLI) အကြောင်း**

Hitachi Young Leaders Initiative (HYLI) သည် လူမှုအသိုက်အဝန်းချင်း ဆက်သွယ်ပေးသော ပရိုဂရမ်တစ်ခုဖြစ်သည်။ အာရှဒေသ၏ ဖြစ်နိုင်ချေရှိသောခေါင်းဆောင်များကို ဩဇာညောင်းသော အစိုးရတာဝန်ရှိသူများ၊ ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်ဆရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်း ကိုယ်စားလှယ် များနှင့် အဆက်အသွယ်များရစေရန် အားပေးကူညီခြင်း၊ ဒေသတွင်းကိစ္စရပ်များကို အတူတကွ ဆွေးနွေးစေခြင်းတို့ဖြင့် ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ၁၉၉၆ ခုနှစ် စင်္ကာပူနိုင်ငံတွင် စတင်ခဲ့ချိန်မှစ၍ HYLI သည် အာရှဒေသမှ အတော်ဆုံးနှင့် အထူးချွန်ဆုံး ကျောင်းသားများကို အတူတကွ စုစည်းရာတွင် အောင်မြင်ခဲ့သည်။ ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံသည် အဆိုပါ ပရိုဂရမ်ထဲတွင် ပါဝင်ခဲ့ပြီးဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့နှင့် အတူ ပူးပေါင်းပါဝင်ခဲ့ပါသည်။ အာရှဒေသ၏ တန်ဖိုးကို မြှင့်တင်စဉ်နှင့် များပြားသောယဉ်ကျေးမှုများကို နားလည်ရန် လေ့လာစဉ်အတွင်း ပါဝင်သူ ကျောင်းသားများအနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ကိစ္စရပ်များအတွက် ၎င်းတို့၏ သဘောထားအမြင်များကို ကျယ်ပြန့်စေမည့် တစ်ခုတည်းသော ပလက်ဖောင်းတစ်ခုလည်း ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များအတွက် http://www.hitachi.com.sg/about/hitachi/activities/hyli/ တွင် ကြည့်ရှုနိုင်ပါသည်။

**Hitachi Asia Ltd. အကြောင်း**

Hitachi Asia Ltd., သည် Hitachi, Ltd., ၏ လက်အောက်ခံကုမ္ပဏီဖြစ်ပြီး စင်္ကာပူနိုင်ငံတွင် အခြေစိုက်ပါသည်။ အာဆီယံ (၇)နိုင်ငံဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရုံးခွဲများထားရှိပြီး လူမှုအဖွဲ့အစည်း၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ၎င်းတို့၏ Social Innovation Business အပေါ်တွင် ဦးတည်ချက် ထားရှိ ပါသည်။ Hitachi Asia နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများသည် သတင်းအချက်အလက်နှင့် တယ်လီဖုန်း ဆက်သွယ်ရေးဆိုင်ရာစနစ်များ၊ စွမ်းအင်စနစ်များ၊ လူမှုအခြေခံအဆောက်အအုံများနှင့် စက်မှုလုပ်ငန်းသုံးစနစ်များ၊ လျှပ်စစ်စနစ်များနှင့် ကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ အရည်အသွေးမြင့် ပစ္စည်းများနှင့် ပါဝင်ပစ္စည်းများ၊ အလိုအလျောက်ရွေ့လျားစက်၊ အိမ်သုံးပစ္စည်းများနှင့် အခြား ဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ Hitachi Asia ၏ အသေးစိတ်အချက်အလက်များ အတွက် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော http://www.hitachi.com.sg တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# # #